# ဟွမ်ဒူးရာ့စ် မှ အစ္စလာမ် သာသနာ



ဟွမ်ဒူးရာ့စ်သည် ကမ္ဘာ့ အနောက်ဘက်ခြမ်း အီကွေတာလိုင်း၏ မြောက်ဘက်၊ မြောက်အမေရိက တိုက်၏ တောင်ပိုင်းတွင် တည်ရှိသည်။ မြောက်ဘက်နှင့် အရှေ့ဘက်တွင် ကယ်ရေဘီယံ ပင်လယ်၊ တောင်ဘက်တွင် နီကါရာဂွါနှင့် အနောက်ဘက်တွက် အယ်လ်ဆာဗေးဒိုး နိုင်ငံတို့ ရှိသည်။



ရှေးဟောင်း သုတေသီများက ဟွမ်ဒူးရာ့စ်တွင် သမိုင်းမတင်မီ ရှေးဟောင်းလူမျိုးနွယ်ပေါင်း များစွာ နေထိုင်ခဲ့သည်ဟု ဆိုသည်။ မေယန် ယဉ်ကျေးမှု အကြီးအကျယ်လွှမ်းမိုးခဲ့ရာ နိုင်ငံတစ်ခုလည်း ဖြစ်သည်။

ဥရောပ စပိန်များ ဟွမ်ဒူးရာ့စ်ကို တွေ့ရှိပြီးနောက် ဂွမ်တီမာလာ ဘုရင့်နိုင်ငံအတွင်း ထည့်သွင်း ခဲ့၍ စပိန်တို့သည် ဟွမ်ဒူးရာ့စ်အား နှစ် သုံးရာခန့် အုပ်ချုပ်ခဲ့သည်။

ဟွမ်ဒူးရာ့စ် နိုင်ငံ၏ အစ္စလာမ်သာသနာဝင် လူဦးရေမှာ ခန့်မှန်းခြေအားဖြင့် ၂၇၉၀ ခန့်ရှိ၍၊ နိုင်ငံ လူဦးရေ၏ ၀.၀၄ ရာနှုန်း ဖြစ်သည်။ တရားဝင် စာရင်းအင်း မဟုတ်သော်လည်း တိုင်းပြည်၏ လူဦးရေ ၇ သန်းအနက် ခန့်မှန်းခြေ တစ်သိန်းနှင့် နှစ်သိန်းကြား လူဦးရေမှာ အာရပ်မျိုးနွယ်စုမှ ဆင်းသက်လာ သူများ ဖြစ်သည်။ သို့သော် အများစုမှာ အာရပ် ခရစ်ယာန်မျိုးနွယ်များမှ ဖြစ်သည်။ ဟွမ်ဒူးရာ့စ်တွင် ဟွမ်ဒူးရာ့စ် အစ္စလာမ့် ဗဟို နှင့် ဟွမ်ဒူးရာ့စ် အစ္စလာမ် ကော်မီတီ ဟု ထင်ရှားသည့် အစ္စလာမ့် အဖွဲ့ အစည်း နှစ်ခု ရှိသည်။

Wiki မှ မှီးငြမ်းပြန်ဆိုသည်။ (ဦးဌေးလွင်ဦး)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com